ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ဖရူဆိုမြို့

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# (NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

## တော်ခူကျေးရွာအုပ်စု၊ ကလိလျားကျေးရွာ

၂၀၁၈ ခုနှစ် ဖရူဆိုမြို့နယ်


# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁။ | ဖရူဆိုမြို့နယ် အခြေပြမြေပုံ | ၁ | ၁ |
| ၂။ | တော်ခူကျေးရွာအုပ်စု အခြေပြမြေပုံ | ၂ | ၂ |
| ၃။ | တော်ခူအုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း | ၃ | ၃ |
| ၄။ | ကျေးရွာအခြေခံ အချက်အလက်များ | ၃ | ၃ |
| ၅။ | လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား | ၄ | ၄ |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ | ၅ | ၁၈ |
| ၇။ | ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ | ၁၉ | ၂၁ |
| ၈။ | ကလိလျား စီမံကိန်းအထောက်အကူပြု ကျေးရွာကော်မတီဝင်များစာရင်း | ၂၂ | ၂၂ |
| ၉။ | ကျေးရွာအချက်အလက် (ပုံစံ-၁) | ၂၃ | ၂၅ |
| ၁၀။ | စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) | ၂၆ | ၂၆ |
| ၁၁။ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | ၂၇ | ၂၈ |
| ၁၂။ | ကျေးရွာအစည်းအဝေးမှတ်တမ်းများ | ၂၉ | ၃၀ |
| ၁၃။ | ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | ၃၁ | ၃၂ |

## ၁။ ဖရူဆိုမြို့နယ်အခြေပြမြေပုံစာရင်း



## ၂။ တော်ရှုကျေးရွာအုပ်စု အခြေပြမြေပုံ



## ၃။ တော်ခူအုပ်စုတွင် ပါဝင်သောကျေးရွာများစာရင်း

(၁) တော်ခူရွာသစ်
(၂) ကလော်ဒူ
(၃) ကလိလျား
(၄) ကရော့
(၅) တော်ခူရွာဟောင်း
(၆) ပလဲ့လယ်
(၇) နန်းခွီးခို
(၈) ပလိုဒေးခို
(၉) ပရယ်စော်ခူ
(၁၀) သော်ခူ
(၁၁) ခေါပရာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

တော်ခူရွာသစ်ကျေးရွာသည် တော်ခူအုပ်စုတွင်ပါဝင်သော ကျေးရွာတစ်ရွာဖြစ်သည်။ ကျေးရွာ၏ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းလုပ်ငန်း ဖြစ်ပြီး မျိုးရိုးစဉ်ဆက်ယခုတိုင်အောင် လုပ်ကိုင်ကြပါသည်။ ကလိလျားကျေးရွာတွင် အဓိက အားဖြင့် ကော်ယော် (မိုနူ)လူမျိုးနှင့် ပရဲ့လူမျိုး အများဆုံးနေထိုင်ကြပြီး အခြားသောလူမျိုးများလည်း စုပေါင်းနေထိုင်ကြပါသည်။ ကိုးကွယ်ယုံကြည်သော ဘာသာမှာလည်း ကွဲပြားမှုရှိကြပါသည်။ အဓိကအားဖြင့် နှစ်ခြင်းအသင်းတော်များနှင့် သတ္တမနေ့အသင်းတော်များရှိပြီး အခြားသော ဘာသာကိုးကွယ်သူများလည်းရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးအခြေအနေမှာ ရွာတွင်းတွင် မြေသားလမ်းဖြစ်သည့်အပြင် ကျောက်များထူထပ်စွာ ထိုးထွက်နေ/ပြန့်ကျဲနေသောကြောင့် သွားလာရခက်ခဲမှုရှိပါသည်။ ပညာရေးအနေဖြင့် ရွာတွင်းတွင် အစိုးရမူလတန်းကျောင်းရှိပါသည်။ ထို့အပြင် တော်ခူရွာသစ်ကျေးရွာသည် တော်ခူအုပ်စုတွင် အိမ်ခြေအများဆုံးနှင့် လူမျိုးရောအများဆုံး တည်ရှိသောကျေးရွာတစ်ရွာဖြစ်ပါသည်။ ကျန်းမာရေးအခြေအနေမှာ ရွာတွင်းတွင် ကျန်းမာရေးဆေးပေးခန်း၊ အရံသားဖွားဆရာမများရှိပြီး အစိုးရကျန်းမာရေးအပြင် အခြားသော ကျန်းမာရေးအဖွဲ့အစည်းများနှင့်လည်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။

မှတ်တမ်းတင်သူ
ကူးရယ်
လူထုစည်းရုံးရေးမှူး

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်လုပ်ငန်းစဉ်(PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အသုံးပြုခဲ့သော PRA tools များ |
|---|---|
| ၁ | လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ |
| ၂ | ဥစ္စာခနေကြွယ်ဝမှုအဆင့် သတ်မှတ်ချက် (Wealth Ranking) |
| ၃ | အရင်းအမြစ် ထိန်းချုပ်မှုပြဇယား |
| ၄ | ရာသီခွင်ပြ ပြက္ခဒိန် (Sensonal Clender) |
| ၅ | ပင့်ကူအိမ်သုံးသပ်ခြင်း (Cob Web) |
| ၆ | အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ



**ရည်ရွယ်ချက်။** ။ကလိလျားကျေးရွာ၏ လူမှုရေးပြမြေပုံ သုံးသပ်ရခြင်း၏ရည်ရွယ်ချက်မှာ ကျေးရွာ၏တည်နေရာအနေအထားနှင့် ဘာသာရေးကိုးကွယ်မှုပုံစံ၊ အသက်မွေးဝမ်းကျောင်းနှင့် အခြေခံအဆောက်အအုံများ၊ လမ်းပမ်းဆက်သွယ်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးအခြေအနေနှင့် ရေရရှိမှု စသည့်အခြေနေများကို သိရှိစေရန်ဖြစ်ပါသည်။

ကလိလျားကျေးရွာသည် တော်ခူအုပ်စုတွင်းမှကျေးရွာတစ်ရွာဖြစ်ပြီး ဖရူဆိုမြို့၏တောင်ဘက်တွင်တည်ရှိသည်။ ကလိလျားကျေးရွာတွင် လူဦးရေ စုစုပေါင်း(၄၄၀)ဦး ရှိပြီး၊ ကျား(၂၅၄)ဦး၊ မ(၁၈၆)ဦး နေထိုင်ကြပါသည်။ ရွာသူရွာသားများသည် ကော်ယော်(မိုနူနှင့် မနော)လူမျိုးများဖြစ်ကြပြီး ခရစ်ယာန်ဘာသာဝင်များဖြစ်ကြပါသည်။


နန်းဖဲမှ ကလိလျားရွာချင်းဆက်လမ်းသည် ကတ္တရာလမ်းမကြီးဖြစ်ပါသည်။ ထိုကတ္တရာလမ်းမှ ကျေးရွာအထိသည် ဆိုင်ကယ်၊ ကားသွား၍အဆင်ပြေသော ကျောက်ကြမ်းလမ်းဖြစ်ပါသည်။ ထိုကျောက်ကြမ်းလမ်းကို နွေ၊ မိုး၊ ဆောင်း အသုံးပြုနိုင်ပါသည်။ ကျေးရွာ၏ ရွာတွင်းလမ်းများတွင် ရွာလယ်လမ်းနှင့် ဘုရားကျောင်းသွားသည့်လမ်းသည် ဆိုင်ကယ်အသုံးပြုနိုင်သော်လည်း ကျန်လမ်းများသည် ခြေလျင်တစ်မျိုးတည်းသာ အသုံးပြုနိုင်ပါသည်။ ကျေးရွာ၏ တည်နေပုံသည် ချိုင့်ခွက်တွင်းတည်ထားသောကြောင့်မတ်လွန်းသောနေရာမျိုးတွင် ဆိုင်ကယ်သုံး၍ အဆင်မပြေပါ။ ကလိလျားကျေးရွာတွင် ကလိလျားချောင်း၊ ကျောက်ချောလမ်း၊ တောင်ယာလုည်းလမ်း၊ ဘောလုံးကွင်း၊ တောင်ယာ၊ သစ်တော၊ ဝါးပင်၊ ကျောက်တောင်၊ ဘုရားကျောင်း၊ မူကြိုကျောင်း၊ စပါးဘဏ်၊ ကွမ်းခြံ၊ ရေကန်၊ ကျွန်းဝိုင်း၊ ခန်းမဆောင်၊ သင်းချိုင်း စသည်တို့ တည်ရှိပါသည်။

ကလိလျားကျေးရွာ၏ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံသုံးသပ်ချက်အရ အဓိကအသုံးပြုနေသော အရင်းအမြစ်များမှာ တောင်ယာ၊ သစ်တောများသာဖြစ်သည်။ သစ်တော၊ မြေယာပိုများပြီးသဲ၊ ကျောက်၊ ရေ၊ ချောင်းစသော အရင်းအမြစ်များမှာ လျော့နည်းနေပြီဖြစ်ပါသည်။ ကျေးရွာအတွင်းတွင်နွမ်းပါးသောအုပ်စုများ၊ လူမျိုးစုများအားလုံး သီးခြားနေထိုင်ခြင်းမရှိဘဲ တစုတစည်းတည်းသာ နေထိုင်ကြပါသည်။ ရွာတွင်းတွင် အဓိက လိုအပ်နေသော အခြေခံလိုအပ်ချက်များမှာ မိုးရာသီတွင် ရွာတွင်းလမ်းမကောင်းခြင်းကြောင့် သွားလာရန်ခက်ခဲပါသည်။ နွေရာသီတွင် ရေလုံလောက်မှုမရှိသဖြင့် ရေစုကန်များထပ်မံလိုအပ်လျက်ရှိပါသည်။ ထို့အပြင် ဖွံ့ဖြိုးရေးအသိပညာ၊ စိုက်ပျိုးရေးနည်းပညာသင်တန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် လိုအပ်လျက်ရှိသောကျေးရွာတစ်ရွာဖြစ်ကြောင်းသုံးသပ်တွေ့ရှိရပါသည်။

**ပါဝင်ဆွေးနွေးသူဦးရေ။** ။ကျား - ၁၄ ဦး၊ မ - ၁၆ ဦး၊ စုစုပေါင်း = ၃၀ ဦး

မှတ်တမ်းတင်သူ
ကူးရယ်
လူထုစည်းရုံးရေးမှူး

# ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း



**ရည်ရွယ်ချက်။** ကလိလျားကျေးရွာ၏ ဥစ္စာဓနကြွယ်ဝမှုအဆင့် သတ်မှတ်ရခြင်း၏ ရည်ရွယ်ချက်မှာ ကျေးရွာတွင်ရှိသော ထိခိုက်လွယ်သောအုပ်စုများ၊ ပြေလည်သောအုပ်စုများ၏ အခြေအနေများသိရှိစေရန်၊ ထိခိုက်လွယ်အုပ်စုများ ဤသို့ဖြစ်ရခြင်းအကြောင်းရင်းများကို သိရှိစေရန်နှင့် စီမံကိန်းတွင် ပူးပေါင်းပါဝင်မှု အားကောင်းလာစေရန် ရည်ရွယ်ပါသည်။


ကလိလျားကျေးရွာဥစ္စာဓနအဆင့် သတ်မှတ်ရာတွင် အပြေလည်ဆုံးအုပ်စု၊ ပြေလည်သောအုပ်စုနှင့် မပြေလည်သောအုပ်စု ဟူ၍အုပ်စု(၃)စု ခွဲခြားထားပါသည်။ အပြေလည်ဆုံးအုပ်စု၏ သွင်ပြင်လက္ခဏာများမှာ ပျဉ်ထောင်အိမ်၊ စက်၊ ဆိုင်ကယ်၊ ကျွဲ၊ နွား၊ တောင်ယာ(၅)ဧကနှင့် အထက်ပိုင်ဆိုင်သောသူများဖြစ်ကြပြီးအိမ်မွေးတိရိစ္ဆာန်များဖြစ်သည့် ကြက်၊ ဝက်များပိုင်ဆိုင်ကြပါသည်။ ထိုအပြေလည်ဆုံးအုပ်စုတွင်အိမ်ထောင်စု(၅)စု ရှိပါသည်။ ပြေလည်သောအုပ်စု၏ သွင်ပြင်လက္ခဏာများမှာ ပျဉ်ထောင်အိမ်၊ ဆိုင်ကယ်၊ ကျွဲ၊ နွား (၁)ကောင်စီနှင့် တောင်ယာ (၃)ဧက ပိုင်ဆိုင်သောသူများဖြစ်ကြပြီး ထိုပြေလည်သောအိမ်ထောင်စု(၁၀)စု ရှိပါသည်။ မပြေလည်သောသူများ၏ သွင်ပြင်လက္ခဏာများမှာ ဝါးထရံအိမ်၊ ပျဉ်ထောင်အိမ်၊ အိမ်မွေးတိရိစ္ဆာန်များဖြစ်သော ကြက်၊ ဝက်နှင့် တောင်ယာပိုင်(၁)ဧကခွဲမျှသာရှိသောသူများဖြစ်ကြပြီး စုစုပေါင်းအိမ်ထောင်စု (၆၃)စု ရှိပါသည်။ ထိုသူတို့သည် ပိုင်ဆိုင်မှုအနေဖြင့် မသတ်မှတ်နိုင်ဘဲတစ်နေ့လုပ်တစ်နေ့စားများသာဖြစ်ကြပြီး စိုက်ပျိုးရန်အဆင်မပြေသူများ၊ မိသားစု/မိဘမစုံလင်သူများဖြစ်ကြသည်။

ကလိလျားကျေးရွာ၏ ဥစ္စာဓနကြွယ်ဝမှု သုံးသပ်ချက်အရ ထိုကျေးရွာတွင် မြေပုံ၏ လိုအပ်ချက်အရ အုပ်စု(၃)စု ခွဲခြားသော်လည်း ကျေးရွာ၏ အခြေအနေအရ လူတန်းစားကွာဟမှုများပြားမှု မရှိကြောင်းကိုသိရှိနိုင်သည်။

ကလိလျားကျေးရွာ၏ ဥစ္စာဓနကြွယ်ဝမှုသုံးသပ်ချက်အရ ရွာတွင် မပြေလည်သောအိမ်ခြေများ၏ စုပေါင်းအရေအတွက်မှာ ကျေးရွာ၏ (၅၀%)ရှိပါသည်။ ထိုသို့မပြေလည်ရခြင်း၏ အကြောင်းအရင်းမှာ မြေဆီလွှာမကောင်းခြင်း၊ ရာသီဖောက်ပြန်ခြင်း၊ ဝင်ငွေရအလုပ်အကိုင်မရှိခြင်း၊ စိုက်ပျိုးသီးနှံများ မအောင်မြင်ခြင်းကြောင့်များဖြစ်ပါသည်။ ထို့ကြောင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် နွမ်းပါးသောအုပ်စုများအတွက် သူတို့၏ အားလပ်ချိန်တွင် ရေးဆွဲပေးပြီး ထိုသူတို့တင်ပြလာသော လိုအပ်ချက်များကို ဦးစားပေးရွေးချယ်ပေးခြင်းဖြင့် ပူးပေါင်းပါဝင်စေမည်ဖြစ်ပါသည်။ လူထုလုပ်အားဖြင့် ဆောင်ရွက်သောစီမံကိန်းကို ဆောင်ရွက်ပေးခြင်းဖြင့် ဝင်ငွေရရှိလာမည်ဖြစ်သည်။ ရေရရှိရေးလုပ်ငန်းကို အကောင်အထည်ဖော်ပေးခြင်းဖြင့်၊ ရေခပ်ရချိန်နည်းလာပြီး ဝင်ငွေရလုပ်ငန်းများနှင့် အခြားသောအိမ်မှုကိစ္စများ ပိုမိုဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

မှတ်တမ်းတင်သူ
ကူးရယ်
လူထုစည်းရုံးရေးမှူး

# အရင်းအမြစ်များထိန်းချုပ်မှုပြဇယား




**ရည်ရွယ်ချက်**။ ကလိလျားကျေးရွာ၏ အရင်းအမြစ်များထိန်းချုပ်မှုပြမြေပုံကို ရေးဆွဲရခြင်းသည် ထိုအရင်းအမြစ်များကို မည်သူက အသုံးပြုပြီး ထိုအရင်းအမြစ်များကို မည်သူက အသုံးပြုရန်၊ မည်သူကဆုံးဖြတ်ချက်ချသည်ကို သိရှိရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။

ကလိလျားကျေးရွာတွင် တည်ရှိနေသော အရင်းအမြစ်များမှာ တောင်ယာများ၊ ရေ၊ ရှားစေး၊ ထင်း၊ ကျောက်တောင်၊ အင်တွဲ နှင့် မွေးမြူရေးလုပ်ငန်းတို့ဖြစ်ကြသည်။ ထိုအရင်းအမြစ်များကို အသုံးပြုရာတွင် အမျိုးသား၊ အမျိုးသမီး အတူတူပင်အသုံးပြုကြပါသည်။ အရင်းအမြစ်များ အသုံးချမှုအတွက်ဆုံးဖြတ်ချက်ချမှုအပိုင်းတွင် ရှားစေး၊ ကျောက်၊ အင်းတွဲအစရှိသော အရင်းအမြစ်များအတွက် အမျိုးသားများက ဆုံးဖြတ်ချက်ချကြပြီး ထင်းခုတ်ယူခြင်း၊ ရေခပ်၊ အိမ်တွင်းမှုနှင့် ပတ်သက်၍အမျိုးသမီးများက ဆုံးဖြတ်ချက်ချကြပါသည်။ ကျန်သည့်အရင်းအမြစ်များဖြစ်သည့် ရေ၊ တောင်ယာနှင့် မွေးမြူရေးလုပ်ငန်းများအတွက် အမျိုးသမီး၊ အမျိုးသား အတူတူပင်ဆုံးဖြတ်ချက်ချကြပါသည်။

ကလိလျားကျေးရွာ၏ အရင်းအမြစ်များထိန်းချုပ်မှုပြဇယားသုံးသပ်ချက်အရ အမျိုးသမီးများ အဓိကအသုံးပြုနေသော အရင်းအမြစ်များမှာ ရေ၊ တောင်ယာ၊ သစ်ဝါး စသည်တို့ဖြစ်သည်။ ထိုအရင်းအမြစ်များကို အမျိုးသားများက ပိုမို၍ထိန်းချုပ်ထားသည်ကို တွေ့ရှိရပါသည်။ ဆုံးဖြတ်ချက်များချမှတ်ရာတွင်လည်း အမျိုးသားများပိုမိုဦးဆောင်နေသည်ကိုတွေ့ရှိရပါသည်။ ထို့ကြောင့်အမျိုးသမီးများအား ဆုံးဖြတ်ချက်ချစေခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့တွင် အမျိုးသားများနှင့်တန်းတူ ဆွေးနွေးစေခြင်းဖြင့် အရင်းအမြစ်အသုံးချမှုကို တန်းတူအသုံးပြုစေနိုင်ပါသည်။ အကယ်၍ အမျိုးသမီးများက အသုံးပြုပြီး အမျိုးသားများက ထိန်းချုပ်သောအခြေအနေတွင် လူမှုရေးပြဿနာများ ကြုံတွေ့လာနိုင်ခြင်း၊ ရှေးရိုးအစဉ်အလာအရ ယဉ်ကျေးမှုများထိခိုက်လာနိုင်သောအခြေအနေများရှိနိုင်သည်ဟု သုံးသပ်ရပါသည်။

မှတ်တမ်းတင်သူ
ကူးရယ်
လူထုစည်းရုံးရေးမှူး

# ရာသီခွင်ပြ ပြက္ခဒိန်



**ရည်ရွယ်ချက်။** ။ ကလိလျားကျေးရွာ၏ ရာသီခွင် ပြက္ခဒိန်ရေးဆွဲရခြင်း၏ရည်ရွယ်ချက်မှာ ကျေးရွာ၏အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိမှုအခြေအနေများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ၏ လအလိုက်ဝင်ငွေ/ထွက်ငွေများအပြင် ရိုးရာပွဲတော်များ လစဉ်တည်ရှိပုံကိုသိရှိစေရန် ရည်ရွယ်ရေးဆွဲခြင်းဖြစ်ပါသည်။

**ရာသီဥတု။** ။ ကလိလျားကျေးရွာတွင် နွေ၊ မိုး၊ ဆောင်းဟူ၍ ဥတု(၃)မျိုးရှိသည်။ ဖေဖော်ဝါရီလမှ ဧပြီလအထိသည် နွေရာသီဖြစ်ပြီး၊ မေလမှ စက်တင်ဘာလအထိ မိုးရာသီနှင့် အောက်တိုဘာလမှ ဇန်နဝါရီလအထိသည် ဆောင်းရာသီ ကာလများဖြစ်ကြသည်။

**စိုက်ပျိုးရေး။** ။ ကလိလျားကျေးရွာ၏ အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ တောင်ယာစိုက်ပျိုးခြင်းဖြစ်ပြီး အဓိကစိုက်ပျိုးသီးနှံများမှာ ပြောင်းကောက်၊ ပြောင်းဖူး၊ စပါးနှင့် မြေပဲတို့ဖြစ်ကြပါသည်။ ဧပြီလတွင် တောင်ယာခုတ်ခြင်းပြုလုပ်ကြပြီး မေလမှစက်တင်ဘာလအထိ ပေါင်းနှုတ်ခြင်း၊ မြက်ပေါက်ခြင်းတို့ပြုလုပ်ကြပါသည်။ အောက်တိုဘာလမှ နိုဝင်ဘာလအထိ စပါးရိတ်ခြင်းနှင့် သီးနှံရိတ်သိမ်းခြင်းတို့ကိုပြုလုပ်ကြပါသည်။ ဒီဇင်ဘာလတွင် ပြောင်းကောက်ရိတ်သိမ်းပါသည်။

**ဝင်ငွေရရှိမှု။** ။ ကလိလျားကျေးရွာ၏ အဓိကစီးပွားရေးမှာ တောင်ယာစိုက်ပျိုးခြင်းဖြစ်သော်လည်း ကျေးရွာသူ၊ ကျေးရွာသားများသည် တစ်နှစ်ပတ်လုံး ပုံမှန်ဝင်ငွေရခြင်းမျိုး ရှိမနေပါ။ စိုက်ပျိုးသီးနှံပေါ်ချိန်ဖြစ်သော ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလသာ ဝင်ငွေရရှိသောလများဖြစ်ကြပြီး ကျန်လများတွင် ဝင်ငွေမရရှိပါ။

**ရေရရှိမှု။** ။ ကလိလျားကျေးရွာအနေဖြင့် မတ်လမှ ဇွန်လအထိ ရေရရှိမှုအနည်းဆုံးလများဖြစ်ပြီး ကျန်လများတွင် ရေလုံလောက်မှုရှိပါသည်။

**လမ်းပန်းဆက်သွယ်ရေး။** ။ကလိလျားကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးသည် ဇွန်လမှ အောက်တိုဘာလ အထိမိုးရာသီများဖြစ်သောကြောင့် သွားလာရန် အခက်ခဲများကြုံတွေ့နေရသော ကျေးရွာဖြစ်ပြီးထိုရာသီများတွင်ခြေလျင်ဖြစ်သာ သွားလာရသည်။ ဇန်နဝါရီလ မှ မေလ အထိသွားလာရန် အဆင်ပြေနိုင်သည်။ ပွင့်လင်းရာသီများဖြစ်သော နိုဝင်ဘာလမှ ဒီဇင်ဘာလအထိ ထိုလများတွင် မိုးကုန်ရာသီဖြစ်၍ သွားလာရန် အဆင်ပြေဆုံး အချိန်များဖြစ်ပါသည်။


**ကျန်းမာရေး။** ။ ကျန်းမာရေးကဏ္ဍအနေဖြင့် ဇန်နဝါရီလတွင် နှာစေး၊ချောင်းဆိုးခြင်း၊ ဧပြီလတွင် ဝမ်းပျက်၊ဝမ်းလျှောခြင်းနှင့် ဇူလိုင်လတွင် တုတ်ကွေးရောဂါအများဆုံးဖြစ်ပွားပြီး စက်တင်ဘာလတွင် ငှက်ဖျားရောဂါအဖြစ်များပါသည်။ ဒီဇင်ဘာလတွင် နှာစေး၊ ချောင်းဆိုးခြင်းအဖြစ်များပါသည်။ ကလိလျားကျေးရွာ၏ ရောဂါဖြစ်ပွားမှုအခြေအနေသည် ရာသီပေါ်ဖြစ်ပွားတတ်သော ရောဂါများသာအဖြစ်များကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ပွဲတော်။** ။ ပွဲတော်များအနေဖြင့် ဇန်နဝါရီလတွင် ကော်ယော်အမျိုးသားနေ့ပွဲ၊ မတ်လတွင် အသင်းတော်နေ့၊ ဧပြီလတွင် အုပ်စုဝတ်ပြုပွဲ၊ ဒီဇင်ဘာလတွင် ခရစ္စမတ်ပွဲတော်များ ကျင်းပလေ့ရှိကြပါသည်။

ကလိလျားကျေးရွာ၏ ရာသီခွင်ပြပြက္ခဒိန်သုံးသပ်ချက်အရ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ တောင်ယာလုပ်ငန်းပင်ဖြစ်သည်။ ၄င်းလုပ်ငန်းကို တနှစ်ပတ်လုံးလုပ်ဆောင်ခြင်းမဟုတ်ဘဲ မိုးရာသီမှစ၍ နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် လုပ်ငန်းသိမ်းဆည်းပြီးဖြစ်ပါသည်။ နွေရာသီကာလတွင် တောင်ယာစခုတ်ခြင်း၊ ထင်းခွေခြင်း၊ အိမ်ဆောက်ခြင်းများဖြင့် အချိန်ကုန်လွန်ကြပါသည်။ လူနည်းစုများ၊ နွမ်းပါးသောအုပ်စုများသည်လည်း တောင်ယာလုပ်ငန်းကို အဓိကမှီခိုအားထားကြပါသည်။ ဝင်ငွေအနေဖြင့် အမျိုးသားနှင့်အမျိုးသမီးများသည် တန်းတူပင်ဖြစ်သည်။ တစ်နှစ်တာဝင်ငွေ မလုံလောက်သောအချိန်တွင် နေ့စားအလုပ်လုပ်ခြင်း၊ သစ်တောထွက်ပစ္စည်းများ ရှာဖွေရောင်းချခြင်းဖြင့် စားဝတ်နေရေးကို ဖြေရှင်းနေကြပါသည်။ အသက်မွေးဝမ်းကြောင်း အဓိကရင်ဆိုင်နေရသော စိန်ခေါ်မှုများမှာ အရင်းအနှီးနည်းခြင်း၊ ပေါင်းမရှင်းနိုင်ခြင်း၊ စိုက်ပျိုးသီးနှံမဖြစ်ထွန်းခြင်း၊ မြေဆီလွှာမကောင်းခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းမရှိခြင်း စသော အခက်အခဲများနှင့်ရင်ဆိုင်နေရသောကျေးရွာတစ်ရွာဖြစ်သည်ဟုသုံးသပ်တွေ့ရှိရပါသည်။

မှတ်တမ်းတင်သူ
ကူးရယ်
လူထုစည်းရုံးရေးမှူး

## ပင့်ကူအိမ်သုံးသပ်ခြင်း



**ရည်ရွယ်ချက်။** ။ကလိလျားကျေးရွာ၏ ကျား၊ မဆိုင်ရာ ပင့်ကူအိမ်သုံးသပ်ရေးဆွဲရခြင်း၏ ရည်ရွယ်ချက်မှာ အမျိုးသားနှင့် အမျိုးသမီးများ၏ မတူညီသောဦးစားပေးအကြောင်း၊ အမျိုးသမီးများ၏ ပါဝင်မှုအခန်းကဏ္ဍများ၊ ပါဝင်မှုအနေအထားကွာဟမှုရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိမြင်စေရန်နှင့် စွမ်းဆောင်မှုအား သိရှိမြင်သာလာစေရန် ရည်ရွယ်ပါသည်။

**ကျန်းမာရေး။** ။ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်ခွင့်ရသည့် အခြေအနေတွင် အမျိုးသားများသည် (၉၀%)ဖြစ်ပြီး၊ အမျိုးသမီးများသည်(၁၀၀%)ဖြစ်ပါသည်။

**အိမ်တွင်းမှု။** ။ အိမ်တွင်းမှုများနှင့်ပတ်သက်သည့် လုပ်ငန်းများဖြစ်သော ထမင်းဟင်းချက်ခြင်း၊ အဝတ်လျှော်ခြင်း၊ ရေခပ်ခြင်း၊ ကလေးထိန်းခြင်းအစရှိသည့် လုပ်ငန်းများတွင် အမျိုးသမီးများသည် (၁၀၀%)ဖြစ်ပြီး၊ အမျိုးသားများသည်(၉၀%)ဖြစ်ကြသည်။

**ပညာရေး။** ။ ပညာရေးဟူပြီး သုံးသပ်ရာတွင် ကျေးရွာတွင်းရှိ အမျိုးသမီး၊ အမျိုးသားများ၏ စာတတ်မြောက်မှုအခြေအနေနှင့် ကျောင်းတက်မှုအခြေအနေပေါ်ကြည့်၍ သုံးသပ်မှုပြုလုပ်ခြင်းဖြစ်ရာ အမျိုးသမီးများသည် (၈၀%)ဖြစ်ပြီး အမျိုးသားများသည်(၉၀%)ဖြစ်သည်။

**စီးပွားရေး။** ။ ကလိလျားကျေးရွာ၏ စီပွားရေးလုပ်ကိုင်မှုအခြေအနေတွင်အမျိုးသမီးများမှ ဦးစီးလုပ်ကိုင်သည့်အရေအတွက်မှာ(၉၀%)ရှိပြီး၊ အမျိုးသားများဦးစီးလုပ်ကိုင်သည့် အရေအတွက်မှာ(၁၀၀%)ရှိသည်။

**ဘာသာရေး။** ။ ဘာသာရေးဆောင်ရွက်မှုများတွင် အမျိုးသမီးနှင့် အမျိုးသားများသည် (၁၀၀%)တန်းတူရှိပါသည်။ အမျိုးသမီးများနှင့် အမျိုးသားများသည် ဘာသာရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အတူတူပူးပေါင်းဆောင်ရွက်မှုရှိပြီး မိမိတို့တာဝန်ယူနိုင်သည့် အပိုင်းမှပါဝင်ဆောင်ရွက်ကြပါသည်။

**လူမှုရေး။** ။ ရွာ၏လူမှုရေးလုပ်ငန်းများဖြစ်သော သာရေး၊ နာရေးကဏ္ဍများနှင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသမီးများသည်(၉၀%)ရှိပြီး အမျိုးသားများသည်(၁၀၀%)ရှိကြသည်။

**အုပ်ချုပ်ရေး။** ။ အုပ်ချုပ်ရေးပိုင်းများဖြစ်သည့် ကျေးရွာခေါင်းဆောင်မှုပိုင်းနှင့် ဆုံးဖြတ်ချက်ချမှုအပိုင်းတွင် အမျိုးသမီးများသည် (၉၀%)ပါဝင်ကြပြီး၊ အမျိုးသားများက (၁၀၀%)ပါဝင်ကြပါသည်။ အုပ်ချုပ်ရေးကဏ္ဍများတွင် အမျိုးသမီးပါဝင်မှု အားနည်းရခြင်းမှာ ဘိုးဘွားစဉ်ဆက်ကာလကတည်းကပင်ပြုမူဆောင်ရွက် နေသော အလေ့အထများကြောင့်ပင်ဖြစ်သည်ဟုသုံးသပ်ရပါသည်။


**စိုက်ပျိုးရေး။** ။ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများနှင့် အမျိုးသားများ သည် (၁၀၀%)တန်းတူပင်ဖြစ်ပါသည်။ စိုက်ပျိုးခြင်းလုပ်ငန်းဟုဆိုရာတွင် တောင်ယာစိုက်ပျိုးခြင်းအပေါ် အခြေခံ ဆွေးနွေးကြခြင်းဖြစ်ပါသည်။

**သစ်တော။** ။ သစ်တောအသုံးချမှုအပိုင်းတွင် အမျိုးသမီးများနှင့် အမျိုးသားများသည် (၁၀၀%) ခန့်အတူတူပင် ဖြစ်ပါသည်။

ကလိလျားကျေးရွာ၏ အမျိုးသား၊ အမျိုးသမီးပင့်ကူအိမ်သုံးသပ်ချက်အရ ပညာရေး စာတတ်မြောက်မှု၊ စီးပွားရေး၊ စားဝတ်နေရေးလုပ်ငန်းများနှင့် အုပ်ချုပ်ရေးပိုင်းများတွင်အမျိုးသားများပို၍ အားသာနေသည်ကိုတွေ့ရှိရပါသည်။ ဤသို့ဖြစ်ရခြင်းမှာ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများနှင့် ကလေးများပြုစုပျိုးထောင်ရေးကိစ္စရပ်များတွင် ပို၍အချိန်ပေးနေရခြင်းဖြစ်ပါသည်။ ထို့အပြင်အမျိုးသမီး များအခ‌ိကရင်ဆိုင်နေရသောအခက်အခဲ၊ စိန်ခေါ်မှုများမှာ သွားလာရာတွင်လုံခြုံမှု မရှိခြင်း၊ ခွန်အားမမျှ ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ပညာရေးပိုင်းတွင်ဦးစားပေးခံရမှုနည်းခြင်းနှင့် ဆွေးနွေး မှုများတွင် ပါဝင်ဆွေးနွေးခွင့် မရှိခြင်း တို့ဖြစ်ပါသည်။ထို့ကြောင့်အမျိုးသမီးများအတွက် သီးသန့် ဆွေးနွေး ပွဲများပြုလုပ်ပေးခြင်း၊ လုပ်အားခနှင့် အလုပ်အကိုင်အခွင့်အရေးတန်းတူပေးခြင်း၊ အမျိုးသမီးရေးရာနှင့် ဆိုင်သော သင်တန်းများခြင်းနှင့် အိမ်တွင်းမှုသင်တန်းများတက်ရောက်နိုင်ရန် ကူညီထောက်ပံ့ပေးခြင်းများ လိုအပ်နေသော ကျေးရွာတစ်ရွာဖြစ်သည် ဟုသုံးသပ်ရပါသည်။

မှတ်တမ်းတင်သူ
ကူးရယ်
လူထုစည်းရုံးရေးမှူး

## အဖွဲ့အစည်းများချိတ်ဆက်မှုပြမြေပုံ



**ရည်ရွယ်ချက်။** ။ ကလိလျားကျေးရွာ၏ အဖွဲ့အစည်းများချိတ်ဆက်မှုဇယား ရေးဆွဲရခြင်း၏ရည်ရွယ်ချက်မှာ ကျေးရွာအတွင်းရှိ ဩဇာလွှမ်းမိုးမှုရှိသောသူများ၊ ကျေးရွာလူထုအတွင်း ကွဲပြားခြားနားနေသောအုပ်စုများနှင့် အဖွဲ့အစည်းများ၊ ဆုံးဖြတ်ချက်ချရာတွင် အမျိုးသား/အမျိုးသမီးပါဝင်မှုအခြေအနေ၊ ကျေးရွာအတွင်းရှိ အရင်းအမြစ်အသုံးချမှုအခြေအနေနှင့် ထိန်းချုပ်မှုအခြေအနေ၊ ကျေးရွာပြင်ပအဖွဲ့အစည်းများနှင့် ရွာလူထုအပြန်အလှန်ဆက်စပ်နေမှုအခြေအနေ ကိုသိရှိစေရန်ရည်ရွယ်ပါသည်။

ကလိလျားကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံသုံးသပ်ချက်အရ ကျေးရွာပေါ်တွင် အကျိုးပြုမှုကိုမူတည်ပြီး စက်ဝိုင်းအနီးအဝေးဖြင့်လည်းကောင်း၊ အကြီး၊ အငယ်၊ အလတ်ဖြင့်သုံးသပ်မှုများပြုလုပ်ခဲ့ပါသည်။ အုပ်ချုပ်ရေးနှင့် ရပ်မိ/ရပ်ဖ အဖွဲ့တို့သည် ကျေးရွာလုံခြုံရေးအတွက် အချင်းချင်းချိတ်ဆက်ဆောင်ရွက်ကြပါသည် ရပ်ရွာအကျိုးဆောင်ကော်မတီ၊ ကျောင်းကော်မတီ၊ မူကြိုကော်မတီ၊ ရေကော်မတီ၊ ကျန်းမာရေးကော်မတီ၊ လူငယ်အဖွဲ့၊ အမျိုးသမီးအဖွဲ့ တို့အပြင် ဘာသာရေးအဖွဲ့များသည် ချိတ်ဆက်ဆောင်ရွက်မှုအပိုင်းတွင် အားကောင်းသည်ကိုတွေ့ရှိရပါသည်။ ကလေးသူငယ်စောင့်ရှောက်ရေးအဖွဲ့၊ အစိုးရစေတနာ့ဝန်ထမ်းအဖွဲ့၊ M.A.M ၊ KMPP၊ ကျန်းမာရေးအဖွဲ့၊ ကယားဖူးနှစ်ခြင်းသာသနာ၊ အုပ်စုနှစ်ခြင်းသာသနာ၊ ရဲတပ်ဖွဲ့၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာနတို့နှင့် ချိတ်ဆက်ဆောင်ရွက်မှုရှိပြီး ကျန်အဖွဲ့အစည်းများနှင့်ချိတ်ဆက်မှုအားနည်းနေသေးကြောင်းသုံးသပ်တွေ့ရှိရပါသည်။

ကလိလျားကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုဇယားသုံးသပ်ခြင်းဖြင့် ကလိလျားကျေးရွာသည် လူထုဗဟိုပြုစီမံကိန်းအပြင် ကလေးကယ်ဆယ်ရေးအဖွဲ့တို့နှင့် အဓိကပြင်ပချိတ်ဆက်မှုရှိနေပါသည်။ ကျေးရွာ ရာအိမ်မှူးနှင့် အုပ်ချုပ်ရေးအပိုင်းတို့တွင် ဖွံ့ဖြိုးရေးကဏ္ဍများနှင့် အဖွဲ့အစည်းချိတ်ဆက်မှုကဏ္ဍတွင် အဓိကဦးဆောင်နေပါသည်။ ထို့အပြင် မြို့နယ်ပညာရေးမှူးရုံးနှင့် ကျေးလက်ဦးစီးဌာနရုံးတို့နှင့် ချိတ်ဆက်ဆောင်ရွက်မှုများရှိနေပါသည်။ ရပ်ရွာအကျိုးဆောင်ကော်မတီဝင်များသည် ပညာရေး၊ စီးပွားရေး၊ ကျေးရွာဖွံ့ဖြိုးရေးကဏ္ဍများတွင် အဓိကဦးဆောင်နေသည်ကို တွေ့ရှိရပါသည်။

မှတ်တမ်းတင်သူ
ကူးရယ်
လူထုစည်းရုံးရေးမှူး

## ၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီစဉ်ဆောင်ရွက်မှုမှတ်တမ်း ဓာတ်ပုံများ








## ၈။ ကလိလျားကျေးရွာ၏ စီမံကိန်းအထောက်အကူပြု ကျေးရွာကော်မတီဝင်များစာရင်း

| စဉ် | အမည် | ကျား/မ | | ရာထူး/တာဝန် |
|---|---|---|---|---|
| ၁ | ဦးလောရယ် | ကျား | - | ကျေးရွာ စီ/ထောက် ဥက္ကဌ |
| ၂ | ဒေါ်အယ်စေး | - | မ | ကျေးရွာ စီ/ထောက် ဥက္ကဌ |
| ၃ | ဦးဟဲလေဦး | ကျား | - | ဝယ်ယူရေးဆပ်ကော်မတီ |
| ၄ | ဒေါ်သာရူး | - | မ | ဝယ်ယူရေးဆပ်ကော်မတီ |
| ၅ | ဒေါ်ယူဖော | - | မ | ဝယ်ယူရေးဆပ်ကော်မတီ |
| ၆ | ဦးနေဝင်း | ကျား | - | စောင့်ကြည့်ကြီးကြပ်ရေးကော်မတီ |
| ၇ | ဦးစောထူး | ကျား | - | စောင့်ကြည့်ကြီးကြပ်ရေးကော်မတီ |
| ၈ | ဒေါ်နော်ဝါး | - | မ | စောင့်ကြည့်ကြီးကြပ်ရေးကော်မတီ |
| ၉ | ဦးအားလေထူး | ကျား | - | လည်ပတ်ထိန်းသိမ်းရေးကော်မတီ |
| ၁၀ | ဦးဟိုရှေး | ကျား | - | လည်ပတ်ထိန်းသိမ်းရေးကော်မတီ |
| ၁၁ | ဒေါ်စီးဗလု | - | မ | လည်ပတ်ထိန်းသိမ်းရေးကော်မတီ |
| ၁၂ | ဒေါ်ခရစ်မူး | - | မ | ကျေးရွာစာရင်းကိုင် |
| ၁၃ | ဦးဘစိန် | ကျား | - | အကြံပြုတိုင်ကြားရေးကော်မတီ |
| ၁၄ | ဒေါ်ဝေမူး | - | မ | အကြံပြုတိုင်ကြားရေးကော်မတီ |
| ၁၅ | ဦးသာရီ | ကျား | - | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၁၆ | ဒေါ်ဖြူးတီ | - | မ | ကျေးရွာစေတနာ့ဝန်ထမ်း |
| **ကော်မတီဝင် စုစုပေါင်း** | | **၈** | **၈** | **၁၆ ယောက်** |

## ၉။ ကျေးရွာအချက်အလက် ( ပုံစံ - ၁ )



လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၇

ပုံစံ - ၈ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ရန် သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး ကယား မြို့နယ် ဖရူဆို | ကျေးရွာအုပ်စု ဝေါကဲ့ | ကျေးရွာ ကလီလှဖား |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကရင်နီ | 84 | ဘာသာ (၁) ခရစ်ယာန်(ဗတ္တိဇံ) | 84 |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစု (၄) ------------ | | | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ကျ - 9 | မ - 4 | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျ - 11 | မ - 12 | |
| စစ်ဘေးရှောင် | - | - | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) | ပေါင်း: |
|---|---|---|---|
| လူဦးရေ | ၂၅၄ | ၁၈၆ | =၄၄၀ |
| လူမျိုးစု (၁) ကရင်နီ | | | |
| လူမျိုးစု (၂) ------------ | | | |
| လူမျိုးစု (၃) ------------ | | | |
| လူမျိုးစု (၄) ------------ | | | |
| လူမျိုးစု (၅) ------------ | | | |
| အိမ်ထောင်ဦးစီး | 70 | 14 | |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၇

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| အခြား | ☐ | အခြား | ☐ | ဝလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် နှ(၃)ခု | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ ဝီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း (circled) | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ______ |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၇

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဖိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ် 2014/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင် 5/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် 30 မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ----------------

မိုးရာသီတွင်ကြာချိန် 45 မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ----------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်မှုခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ----------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ACF , KNPP

(၂) Save the Children


ကျေးရွာခေါင်းဆောင် အမည် [illegible]

လက်မှတ် [illegible] နေ့စွဲ ၇.၁၁.၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် [illegible]

လက်မှတ် [illegible] နေ့စွဲ - ၇.၁၁.၂၀၁၇

## ၁၀။ စီမံကိန်းစက်ဝန်း အချိန်ဇယား ( ပုံစံ - ၂ )



ပုံစံ - ၀ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဦးကူးရယ်


နေ့စွဲ - ၃၀.၁၂.၂၀၁၇

စက်ဝန်းအားအမှတ်ခြစ်ပါ ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း (၄)

| ပြည်နယ်/တိုင်း | ကယား | မြို့နယ် | ဖရူဆို | ကျေးရွာအုပ်စု | ဒေါကဲ | ကျေးရွာ | ဘော်လခဲ |
|---|---|---|---|---|---|---|---|

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | | |
|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် | အိမ်ထောင်စုပေါင်း | အိမ်ထောင်စု % |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 6-11-2017 | 6-11-2017 | ၂၄ | ၂၁ | ၄၅ | ၄၅ / ကယန်း(မနူမနော) | | |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 7-11-2017 | 7-11-2017 | ၂၄ | ၂၁ | ၄၅ | " / " | | |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 28-11-2017 | 28-11-2017 | | | | | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | | | |

# ၁၁။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် ( ပုံစံ - ၃ )



လူထုဝယ်ပိုပြုစီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၇

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် - နိုကူးဂျယ် |
| ရက်စွဲ - 7.11.2017 / စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ကယား / မြို့နယ် ဖရူဆို / ကျေးရွာအုပ်စု တော်ရွှ / ကျေးရွာ ကလိုကျူ |

 က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ရေသန့်သောက်သုံးမှု မရှိခြင်း (ရေကန်တိုးချဲ့ရန်) | ၁ | လမ်းပန်းဆက်သွယ်ရေး ခက်ခဲ |
| ၂ | လမ်းပန်းဆက်သွယ်ရေး ခက်ခဲ (ကတ္တရာခင်းရန်) | ၂ | နွေရာသီတွင်ရေသန့်သောက်သုံးမှုမရှိ |
| ၃ | စာကြည့်တိုက်မရှိခြင်း | ၃ | ကျန်းမာရေး စောင့်ရှောက်မှု ခက်ခဲ (ဆေးပေးခန်း) |
| ၄ | ဆေးပေးခန်း မရှိခြင်း | ၄ | မူကြိုကျောင်း အိမ်ယာမရှိ၍ ကလေးများ စာသင်ရခက်ခဲခြင်း |
| ၅ | ဝန်ထမ်း အိမ်ယာမရှိခြင်း | ၅ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | တစ်ရွာလုံး ရေသန့်သောက်သုံးမှု ရှိရမည်။ | ၁ | ကတ္တရာလမ်း ရရှိရမည် |
| ၂ | ကတ္တရာလမ်း တစ်မိုင် ရရှိရမည်။ | ၂ | လုံလောက်သောရေပမာဏဖြင့် ရေသွယ်ယူနိုင်ရမည်။ |
| ၃ | ဆေးပေးခန်း ရရှိရမည်။ | ၃ | ဆေးပေးခန်းနှင့် ဆေးဝါး လုံလောက်စွာ ရရှိရမည် |
| ၄ | စာကြည့်တိုက် ရရှိရမည်။ | ၄ | မူကြိုကျောင်း အိမ်ယာ ရရှိရမည်။ |
| ၅ | ဝန်ထမ်း အိမ်ယာ ရှိရမည်။ | ၅ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | ရေကန်နှင့်ရေပိုက် တည်ဆောက်ခြင်း | အမျိုးသား + အမျိုးသမီး | 50 သိန်း | |
| ၂ | ကတ္တရာလမ်းခင်းခြင်း | " | 1800 သိန်း | |
| ၃ | ဆေးပေးခန်း | " | 98 သိန်း | |
| ၄ | ဂျုံစပ် စက်တိုင် | အမျိုးသား | | |
| ၅ | စာကြည့်တိုက် | အမျိုးသား | 40 သိန်း | |

၆ . မူကြိုအိမ်ယာ (ပျဉ်ခင်းဝင်) အမျိုးသမီး 25 သိန်း

လူထုပဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၇

ယ၊ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ၊

| အထောင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အဝန်းကဏ္ဍ |
|---|---|---|---|
| ၁ | စက်မှုပညာ သင်တန်း | အမျိုးသား | အသက်မွေးဝမ်းကျောင်း |
| ၂ | [illegible] | အမျိုးသား | ကျွမ်းကျင်မှုမြှင့်ရေး |
| ၃ | ဝန်ထမ်း အိမ်ပညာ | အမျိုးသား+အမျိုးသမီး | ပညာရေး |
| ၄ | | | |
| ၅ | | | |
| ၆ | | | |
| ၇ | | | |
| ၈ | | | |
| ၉ | | | |
| ၁၀ | | | |
| ၁၁ | | | |
| ၁၂ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ကော်မီတီမှ အတည်ပြုသည်၊

အမည် [illegible] လက်မှတ် [illegible] နေ့စွဲ 7.11.2017

## ၁၂။ ကျေးရွာအစည်းအဝေးမှတ်တမ်းများ

ကျေးရွာ - ကလိချား

ကျေးရွာအုပ်စု - ဖော်ခူ


အကြောင်းအရာ - ပထမအကြိမ်ကျေးရွာအစည်းအဝေး

တာဝန်ကျဝန်ထမ်းများ - ဦးကူးရယ် ၊ ဒေါ်ရှေရီမီးနှစ်ကြင်

ရက်စွဲ - 6 . 11 . 17

အစည်းအဝေးတက်ရောက်သူဦးရေ - ကျား (၂၄၀ ဦး + မ (၂၁၀ ဦး = (၄၅၀ ဦး

ပထမအကြိမ်ကျေးရွာအစည်းအဝေးကို ဖော်ခူ ကျေးရွာ၌ (6 . 11 . 17) ၌ ပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးကို အစည်းအဝေးအစီအစဉ်များ ဖတ်ကြားခြင်းအားဖြင့် အစပြုခဲ့ပါသည်။ စီမံကိန်း၏ ရည်ရွယ်ချက်၊ စပြောပြီး လူထုဗဟိုပြု စီမံကိန်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရွာလူထုများနှင့် အတူ ဆွေးနွေးခဲ့ပါသည်။ ထို့နောက် စီမံကိန်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြား၍ ရပ်ရွာဖွံ့ဖြိုးမှု အကြောင်းနှင့် ဒုတိယနှစ်တက်ဝင်၌ ဖော်ခူ ကျေးရွာအုပ်စုတွင် စီမံကိန်း ရရှိသည့် ကျေးရွာများကို အစည်းအဝေးတက်ရောက်လာသူများ သိရှိအောင် ပြောကြားခဲ့ပါသည်။ ကျွန်ုပ်စီမံကိန်း၌ အကျုံးဝင်သည့် လုပ်ငန်းနှင့် အကျုံးမဝင်သည့် လုပ်ငန်းများကို လည်းကောင်း၊ ကျား/မ ရေးရာနှင့် ဝေဖန်အကြံပြု တိုင်ကြား ဖြေရှင်းရေးယန္တရား အကြောင်းကို ပြန်လည်ဆွေးနွေးခဲ့ပါသည်။



ကျေးရွာ - ကလိန်လျား

ကျေးရွာအုပ်စု - ဖော်ခူ

အကြောင်းအရာ - ဒုတိယအကြိမ် ကျေးရွာအစည်းအဝေး


တာဝန်ကျ ဝန်ထမ်းများ - ဦးကူးရယ်၊ ဒေါ်ဂျူရီမိုကာရီတင်

ရက်စွဲ - 7.11.2017

အစည်းအဝေးတက်ရောက်သူဦးရေ - ကျား ၄၂၄၁ ဦး + မ ၄ ၂၁၁ ဦး = ၄၅၂ ဦး

ဒုတိယအကြိမ် ကျေးရွာအစည်းအဝေးကို ကလိန်လျား ကျေးရွာ၌ (၇.၁၁.၁၇) ရက်နေ့၌ ပြုလုပ်ခဲ့ပါသည်။ အစည်းအဝေး အား ကော်မတီဝင် များ ရွေးချယ်ခြင်း အား ဖြင့် အစပြုခဲ့ရာ ကော်မတီဝင်များ ကို ရွာလူထုများ ၏ သဘောတူညီချက်အရ ဖြစ်လည် ရွေးချယ်သတ်မှတ်ခဲ့ကာ ကော်မတီဝင် များ ရွေးချယ်ခြင်း အစီအစဉ်ကို HR. 2 နှင့် COC များ၌ အချက်အလက် များ ဖြည့်စွက်ပေပြီး လက်မှတ်ရေး ထိုး စေခဲ့ပါသည်။ ထို့နောက် အမျိုးသား တစ်ဖွဲ့၊ အမျိုးသမီးတစ်ဖွဲ့ ခွဲကာ ကျေးရွာ၏ အခက်အခဲ များ ကို ဖော်ထုတ် ခဲ့ပါသည်။ ထို့နောက် မျှော်မှန်းချက် များကို လည်း ဖော်ထုတ်ခဲ့ပြီး ကျေးရွာ၏ ဦးစားပေး လုပ်ငန်း များ ကို ရွေးချယ်ခဲ့ကာ ဒုတိယအကြိမ် ကျေးရွာအစည်းအဝေး ကို ရုပ်သိမ်းခဲ့ပါသည်။

# ၁၃။ ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဥ်များ




နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဥ် [illegible]

အနှစ်ချုပ်

မှရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ဖြင့်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | | ☐မ ☐ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| [illegible] | ၁ | [illegible] | ☑မ ☑ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| [illegible] | ၁ | [illegible] | ☑မ ☑ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| အခြား | ၁ | [illegible] | ☑မ ☑ကျား | | |
| | ၂ | [illegible] | ☑မ ☑ကျား | | |
| | ၃ | | ☐မ ☐ကျား | | |



| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| အခြား | ၁ | [illegible] | ☑မ ☑ကျား | | |
| | ၂ | [illegible] | ☑မ ☑ကျား | | |
| | ၃ | [illegible] | ☑မ ☑ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |